# " စက်ယန္တရားအရောင်းအဝယ် – နှစ်ဦးသဘောတူကတိစာချုပ် "

**Brand New Hitachi Excavator ZX350LCH-5G (1) Unit**

**(SO No.COP-UNT-SO-24060001)**

**(Sr No. HCMDDEF3A00053599)**

**Contract No. WL/MS -370/2024**

၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က Brand New Hitachi Excavator ZX350LCH-5G (1)Unit စက်ယန္တရားအရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

စက်ယန္တရားရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on behalf of Common Purpose Co., Ltd.)
အမှတ်(၁၅၂)၊မင်းကြီးမဟာမင်းခေါင်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

စက်ယန္တရားဝယ်ယူသူ ။ ။ ဦးသိန်းမြင့် (ဘ) ဦးဘိုနီ
မှတ်ပုံတင်အမှတ် – ၁/မညန(နိုင်)၁၅၄၅၉၆
လိပ်စာ– မမုန်းကိုင်ကျေးရွာ၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်။
ဆက်သွယ်ရန်ဖုန်းနံပါတ် – ၀၉–၇၅၈၇၀၀၀၀၁။

(စက်ယန္တရားရောင်းချသူနှင့် စက်ယန္တရားဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

**၁။** စက်ယန္တရားရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် စက်ယန္တရားရောင်းချသူပိုင်ဆိုင်သော Brand New Hitachi Excavator ZX350LCH-5G (1)Unit အတွက် စုစုပေါင်းတန်ဖိုးငွေ USD-270,000/- (USD – Two Hundred and Seventy Thousand Only) (ကုန်သွယ်လုပ်ငန်းခွန် အပါအဝင်ဈေးနှုန်း) ကို Landed Yangon နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပါတန်ဖိုးဖြင့်ပင်ဝယ်ယူရန် စက်ယန္တရားဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ကိုချုပ်ဆို၍ စက်ယန္တရားဝယ်ယူသူမှ နောက်ဆက်တွဲပါစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူရောင်းချလိုက်ပါသည်။

**၂။** ဤစာချုပ်ပါ "စက်ယန္တရား" ဟူသော စကားရပ်တွင် လက်ငင်းရောင်းချသည့် မူလစက်ယန္တရားနှင့် စက်အပိုပစ္စည်းများ၊ စက်ယန္တရားရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟု မှတ်ယူရမည်။ သို့ရာတွင်စက်ယန္တရားဝယ်ယူသူမှ မိမိသဘောအလျောက် စက်ယန္တရားရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် စက်ယန္တရားနှင့် စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

**၃။** **၂။** ရောင်းချသူကမိမိရောင်းချသော Brand New Hitachi Excavator ZX350LCH-5G (1)Unit စက်ယန္တရားသည် အသစ်ဖြစ်ကြောင်းနှင့် ယင်းစက်ယန္တရားအား (၂)နှစ်(သို့မဟုတ်) အသုံးပြုနာရီ (၄,၀၀၀)စေ့ရောက် အသုံးပြုပြီးသည်အထိ အာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်လွှဲပြောင်းချိန်မှစ၍ နှစ်နှစ်ပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ (၄,၀၀၀)ပြည့်သည့်ကာလနှစ်ခုအနက် စောစွာသောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

စာမျက်နှာ (၂) သို့

၄။ စက်ယန္တရားဝယ်ယူသူသည် မိမိဝယ်ယူသည့်စက်ယန္တရားကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့် အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး လက်ခံရမည်။ အကယ်၍ဝယ်ယူသည့် စက်ယန္တရားများတွင် ချွတ်ယွင်းချက်တွေ့ရှိပါက ပြင်ဆင်ရေးဌာန (Service Center) သို့ စက်ယန္တရားလက်ခံရယူစဉ်ကတည်းက အကြောင်းကြားခေါ်ယူရမည်။ ဤကဲ့သို့လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ စက်ယန္တရားများကို လက်ခံရယူခဲ့ပါက လက်ခံရယူသည့်စက်ယန္တရားများသည် မူလအကောင်းပကတိ အခြေအနေဖြင့် ဝယ်ယူသူထံသို့ လက်ရောက်ပေးအပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅။ အာမခံသည့်ကာလအတွင်း စက်ယန္တရားဝယ်ယူသူ(သို့မဟုတ်)ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာအစားထိုး လဲလှယ်ပေးရပါက စက်ယန္တရားဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၆။ အာမခံသည့်ကာလအတွင်း စက်ယန္တရားပြင်ဆင်ရန် အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့် စက်ယန္တရား၏ တည်ရှိရာနေရာသည် ရောင်းချသည့်ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်းဖြစ်လျှင် ကုမ္ပဏီ အလုပ်သမားများသည် စက်များကိုအခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပါသည်။ ၎င်းစက်ယန္တရားသည် ကုမ္ပဏီတည်ရှိရာ နေရာမှမိုင်(၄၀)ထက်ကျော်လွန်နေပါက ပြင်ဆင်ပေးမည့်အလုပ်သမားများ၏ ခရီးသွားလာသည့်စရိတ်၊ ဗနထိုင်သည့် စရိတ်၊ စားစရိတ်တို့အပြင် ထိုဝန်ထမ်း၏ကျန်းမာရေးအတွက်ပါ ဝယ်ယူသူဘက်မှ သင့်တင့်သည့်အခကြေးငွေနှင့် လိုအပ်သည့်စောင့်ရှောက်မှုများကို ကျခံတာဝန်ယူရမည်ဖြစ်ကြောင်း သိရှိသဘောတူပါသည်။

၇။ ရောင်းချလိုက်သည့်စက်ယန္တရားကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ (၁)လကျော်လွန်ပါက စက်ပစ္စည်းများသိမ်းဆည်းခအဖြစ် နိုင်ငံခြားငွေဖြင့်ဝယ်ယူသည့် စက်ယန္တရား တစ်ယူနစ်အတွက် တစ်ရက်လျှင်(၂၀)ဒေါ်လာနှုန်းဖြင့်လည်းကောင်း၊ မြန်မာငွေဖြင့်ဝယ်ယူသည့် စက်ယန္တရားတစ်ယူနစ် အတွက် တစ်ရက်လျှင်(၁၅၀၀၀)ကျပ်နှုန်းဖြင့်လည်းကောင်း စက်ယန္တရားဝယ်ယူသူမှ ပေးဆောင်ရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ(၂)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူခြင်းမရှိပါက အခြားဝယ်ယူမည့်သူများသို့ စက်ယန္တရားကို လွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ် ပစ္စည်းလက်ခံရရှိသည့်အခါမှသာ စက်ယန္တရားကို ရရှိနိုင်မည်ဖြစ်ကြောင်း စက်ယန္တရားဝယ်ယူသူမှ သဘောတူပါသည်။ ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့မှ (၃)လကျော်လွန်သည့်တိုင်အောင် စက်ယန္တရားကို လွှဲပြောင်းလက်ခံရယူခြင်းမရှိပါက စာချုပ်ပျက်ပြယ်ပြီးဖြစ်သည်ဟု သဘောတူကြ၍ ပေးသွင်းထားခဲ့သော ကြိုတင်ငွေများအား စက်ယန္တရားဝယ်ယူသူမှ ပြန်လည်ထုတ်ယူခွင့်မရှိကြောင်းလည်း နှစ်ဖက်သဘောတူညီကြပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၈။ စက်ယန္တရားဝယ်ယူသူသည် Brand New Hitachi Excavator ZX350LCH-5G (1)Unit အတွက် ပထမအရစ်ကျငွေ အဖြစ် တန်ဖိုးငွေ USD-143,000/- (USD – One Hundred and Forty Three Thousand Only) ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် (၁၂-၆-၂၀၂၄)နေ့တွင် (RV NO. HQT-RV-2024-06-0372)၊ (၁၄-၆-၂၀၂၄)နေ့တွင် (RV NO. HQT-RV-2024-06-0471 , HQT-RV-2024-06-0470 , HQT-RV-2024-06-0415) တို့ဖြင့် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

၉။ စက်ယန္တရားဝယ်ယူသူသည် Brand New Hitachi Excavator ZX350LCH-5G (1)Unit အတွက် ကျန်ငွေ USD-127,000/- (USD – One Hundred and Twenty Seven Thousand Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် Customer Job Site (Mine Taung) သို့ စက်ယန္တရားရောက်ရှိချိန် ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

စာမျက်နှာ (၃) သို့

(မှတ်ချက် ။ ။ စက်ယန္တရားဝယ်ယူသူ ၏ တောင်းဆိုချက်အရ (2000hrs filter and Bucket Tooth 1 set) တို့ကို ရောင်းချသူမှ ဝယ်ယူသူသို့ (F.O.C) ပေးအပ်ရန် သဘောတူညီပါသည်။)

ရောင်းချသူ၏တာဝန်များ

၁၀။ စက်ယန္တရားရောင်းချသူသည် စက်ယန္တရားဝယ်ယူသူထံသို့ စက်ယန္တရားကို ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ကုမ္ပဏီ၏ပစ္စည်းထုတ်ပြေစာနှင့်တကွ စက်ယန္တရားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက်လွှဲပြောင်းပေးအပ်ရာ စက်ယန္တရားဝယ်ယူသူမှ လက်ခံရရှိပါသည်။

**၁၁။** ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

**၁၂။** ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Common Purpose Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် စက်ယန္တရား ဝယ်ယူသူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန်သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို စက်ယန္တရားရောင်းချသူနှင့် စက်ယန္တရား ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက်ကိုယ်တိုင် ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘော ပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်ကခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာအသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကိုပြုလုပ် ချုပ်ဆိုကြပါသည်။

| စက်ယန္တရားရောင်းချသူ | စက်ယန္တရားဝယ်ယူသူ |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)<br>(for and on behalf of Common Purpose Co., Ltd.) | ဦးသိန်းမြင့် (၁/မညန(နိုင်)၁၅၄၅၉၆) |

အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | – | လက်မှတ် | – |
| အမည် | – ပြည့်ဖြိုးဦး | အမည် | – ဒေါ်သန်းအေး |
| နသသအမှတ် | – ၅/မရန(နိုင်)၂၄၄၉၂၉ | နသသအမှတ် | – ၁/မညန(နိုင်)၁၄၁၆၃၅ |
| နေရပ် | – အမှတ်(၁၅၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊<br>- လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | နေရပ် | – မိုးညှင်းမြို့။ |

လက်မှတ် –
အမည် – ဦးအောင်သူဝင်း
နသသအမှတ် – ၁၄/လမန(နိုင်)၀၇၀၂၀၅
နေရပ် – အမှတ်(၁၅၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။